စိတ်ကူးချိုချိုအနုပညာ

# အဘိုးပြောသော စာရိတ္တပုံပြင်များ

မမလေး – ပြန်ဆိုသည်။



mgyoe.com

# အဘိုးပြောသော
# စာရိတ္တပုံပြင်များ

မမလေး – ပြန်ဆိုသည်။



MML0007
2,500.00 KS

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၃၊ ဇွန်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၅၀၀ ကျပ်

၈၀၈・၈၄

အဘိုးပြောသောစာရိတ္တပုံပြင်များ
မမလေး၊ -နေကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၃၊
စာမျက်နှာ ၂၀၀ မျက်နှာ၊ ၁၄ စင်တီ× ၂၁ စင်တီ
(၁) အဘိုးပြောသောစာရိတ္တပုံပြင်များ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■

# အဘိုးပြောသော စာရိတ္တပုံပြင်များ

# MORAL STORIES OF GRANDPA

## မမလေး

ပြန်ဆိုသည်။

ပထမအကြိမ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ အလိုကြီး အရနည်း ၁
၂။ အလှကိုယ်စီ ၃
၃။ နွားကွဲရင် ကျားဆွဲမယ် ၅
၄။ အစွမ်းကိုယ်စီရှိကြသည် ၇
၅။ ချင့်ချင့်ချိန်ချိန် သုခမိန် ၉
၆။ ချုံပုတ်ထဲမှာရှိနေတဲ့ နှစ်ခုတက် လက်ထဲမှာရှိနေတဲ့ တစ်ခုက ပိုပြီး တန်ဖိုးရှိတယ် ၁၁
၇။ ဖြည်းဖြည်းနှင့် မှန်မှန်၊ ပန်းဝင်၍ အောင်ပွဲခံ ၁၃
၈။ မရနိုင်တာကို မုန်းကြသည် ၁၅
၉။ တစ်ကြိမ်ညာမိက ပျက်စီးရ ၁၇
၁၀။ ဝီရိယတန်ဖိုး ၁၉
၁၁။ မကောင်းကြံ ကိုယ်ထိ ၂၁
၁၂။ ကြမ်းတမ်းတဲ့ အိမ်နီးချင်းကို ရှောင် ၂၃
၁၃။ အသားလိုလို့ အရိုးတောင်း ၂၅
၁၄။ အသက် ဉာဏ်စောင့် ၂၇
၁၅။ လူမိုက်နောက်မှ အကြံရ ၂၉
၁၆။ သူတစ်ပါးအရှိန်အဝါနဲ့ မဝင့်ကြွားသင့် ၃၁
၁၇။ ကြွားဝါလွန်းက အရှက်ရ ၃၃
၁၈။ စည်းကမ်းသတ်မှတ်တာထက် နမူနာက ပိုကောင်းသည် ၃၅
၁၉။ တိမ်မြုပ်နေသော ရတနာများ ၃၇
၂၀။ ရာထူးအဆင့်အတန်းမြင့်လေ ပညာဉာဏ်ရှိဖို့ လိုအပ်လေ ၃၉
၂၁။ အယုံလွယ်က အသက်ပါ ၄၁
၂၂။ ဘဝချင်းမညီမျှ ဝမ်းနည်းရ ၄၃


mgyoe.com

၂၃။ လာမယ့်ဘေး ပြေးတွေ့ (အန္တရာယ်ဟူသမျှ ရဲဝံ့စွာ ရင်ဆိုင်ပါ) ၄၅
၂၄။ မှန်သောစကားဆိုပေမဲ့ နားဝင်ချိုအောင် ပြောကြပါ ၄၇
၂၅။ အကျိုးလိုလို့ ၄၉
၂၆။ မတော်လောဘ ဒုက္ခရ ၅၁
၂၇။ ကြောင်သူတော်များကို သတိထား ၅၃
၂၈။ အသိဉာဏ်နည်းတော့ အပြစ်တင်လွယ် ၅၅
၂၉။ အဆိုးဆုံးကို ရင်ဆိုင်ဖို့ အမြဲအဆင်သင့်ဖြစ်ပါစေ ၅၇
၃၀။ တန်ဖိုးအမှန် သိစေဖို့ ၅၉
၃၁။ အလှအပဟူသမျှ တဒင်္ဂ ၆၁
၃၂။ ကယ်သင့်မှ ကယ် ၆၃
၃၃။ ကျေးဇူးကန်းသူ မဖြစ်စေနဲ့ ၆၅
၃၄။ မေတ္တာပေးမှ မေတ္တာရ ၆၇
၃၅။ တစ်ဖက်ဖက်ကို သစ္စာရှိပါ ၆၉
၃၆။ လှေနံနှစ်ဘက် မနင်းသင့်၊ ငါးရံ့နှစ်ကောင် မဖမ်းသင့် ၇၁
၃၇။ မကောင်းသောသူ၏ ကောင်းသောအကြံဉာဏ်ဟူ၍ မရှိ ၇၃
၃၈။ မိုက်မဲတဲ့မိတ်ဆွေတွေဟာ တကယ့်ရန်သူအစစ်အမှန်တွေပါ ၇၅
၃၉။ ကြမ်းတမ်းရက်စက်တဲ့ တိရစ္ဆာန်တောင် ဆင်ခြင်တုံတရားရှိတယ် ၇၇
၄၀။ ဗွတ်တရွတ်နိုင်က ဒုက္ခရ ၇၉
၄၁။ ပိုပြီးလိုချင်လေ ရှိတာပါကုန်သွားလေ ၈၁
၄၂။ သစ္စာဖောက်တို့မည်သည် ဝမ်းနည်းခြင်းနဲ့ အဆုံးသတ်ရတတ် ၈၃
၄၃။ အသက်ကြီးသူကို ဆရာလုပ်ရင် မကြိုက် ၈၅
၄၄။ သူ့ဘဝနဲ့သူ၊ သူ့အကြောင်းနဲ့သူ ၈၇
၄၅။ ဖျောက်ဖျက်ရခက်တဲ့ ပင်ကိုယ်အကျင့်စရိုက် ၈၉
၄၆။ ဘာမှမလုပ်ခင် နှစ်ကြိမ်စဉ်းစားပါ ၉၁
၄၇။ ပျော်ရာမှာမနေ၊ တော်ရာမှာနေ ၉၃
၄၈။ အမြှောက်ကြိုက်ရင် ဒုက္ခရောက်မယ် ၉၅
၄၉။ ကိုယ့်အတွေးနဲ့ကိုယ် ၉၇
၅၀။ အမှန်တရားဟူသည် ဖုံးကွယ်၍မရ ၉၉


mgyoe.com

၅၁။ တစ်ဖက်သတ်အမြင်နဲ့ အထင်မမှားစေချင် ၁၀၁
၅၂။ သူတစ်ပါးရဲ့အသက်အန္တရာယ်ကို မသေးသိမ်စေပါနှင့် ၁၀၃
၅၃။ မျက်ကန်းအချစ်ကြောင့် ဒုက္ခရောက် ၁၀၅
၅၄။ စေတနာမမှန်တဲ့ လက်ဆောင် ၁၀၇
၅၅။ အထင်နဲ့ အမြင် ၁၀၉
၅၆။ ပေးတာနည်းနည်း၊ ယူတာများများ ၁၁၁
၅၇။ ရှဉ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာ ၁၁၃
၅၈။ ရန်သူလော၊ မိတ်ဆွေလော ၁၁၅
၅၉။ သရုပ်မှန်ဖုံးကွယ်မိက ဒုက္ခရ ၁၁၇
၆၀။ အပေါ်ယံအမြင်နဲ့ ဘာကိုမှ မဆုံးဖြတ်သင့် ၁၁၉
၆၁။ အထင်များ အမြင်များ ၁၂၁
၆၂။ နှင်းဆီအလှ တဒင်္ဂ ၁၂၃
၆၃။ မစားရက် လောက်တက်ကျန် ၁၂၅
၆၄။ သူ့ကျေးဇူး ကိုယ့်ကျေးဇူး ၁၂၇
၆၅။ ကျိုးတာထက်စာရင် ကွေးတာက ပိုကောင်းသေးတယ် ၁၂၉
၆၆။ မမြင်နိုင်သော်လည်း အစွမ်းရှိသူ ၁၃၁
၆၇။ တစ်လုပ်စားဖူး သူ့ကျေးဇူး ၁၃၃
၆၈။ သဘာဝကြီးမှာ သူ့ကန့်သတ်ချက်နဲ့သူ ရှိတယ် ၁၃၅
၆၉။ သောကများတဲ့သူဌေးထက် သောကကင်းတဲ့ ဆင်းရဲသားက ပိုကောင်း ၁၃၇
၇၀။ လိုအပ်ချက်ဆိုတာ တီထွင်ခြင်းများရဲ့ မိခင်ပါ ၁၃၉
၇၁။ ရက်စက်မှုပါတဲ့ ပျော်ရွှင်မှုက ပျော်ရွှင်မှု အစစ်မဖြစ်နိုင် ၁၄၁
၇၂။ သဘာဝကပေးတဲ့ အလှကိုယ်စီ ၁၄၃
၇၃။ သိပြီးသားရန်သူနဲ့ အမြဲအဆင်ပြေပါလိမ့်မယ် ၁၄၅
၇၄။ မကောင်းမှုဟူသမျှ ရှောင်ကြဉ်ကြ ၁၄၇
၇၅။ သဘာဝကို ဘယ်တော့မှ ပြောင်းလဲလို့ မရ ၁၄၉
၇၆။ သူ့နေရာနဲ့ သူ့တန်ဖိုး ၁၅၁
၇၇။ ရုပ်ပုံတိုင်းမှာ ရှုထောင့်နှစ်မျိုးရှိ ၁၅၃
၇၈။ မာန်မာနဆိုတာ ကျဆုံးခြင်းရဲ့ရှေ့မှာရှိတယ် ၁၅၅
mgyoe.com

၇၉။ မိတ်ဆွေစစ်အမှန် ဖြစ်ကြစေဖို့ ၁၅၇
၈၀။ မဖြစ်နိုင်တာကို မတောင်းဆိုနှင့် ၁၅၉
၈၁။ စည်းလုံးခြင်းသည် ခွန်အား ၁၆၁
၈၂။ စိတ်ကြီးဝင်တော့ အသရေပျက် ၁၆၃
၈၃။ စည်းလုံးမှုမရှိခြင်းက ရန်သူအား ဖိတ်ခေါ်သလိုဖြစ်၏။ ၁၆၅
၈၄။ အဓိကကျတဲ့အချက် ၁၆၇
၈၅။ နှစ်ဘက်မြင် ၁၆၉
၈၆။ အလျှောက်ကောင်းတော့ အထောင်းသက်သာ ၁၇၁
၈၇။ သူ့နေရာ ကိုယ့်နေရာ ခွဲခြားပါ ၁၇၃
၈၈။ တစ်ခါသေဖူး ပျဉ်ဖိုးနားလည် ၁၇၅
၈၉။ ရင်းနှီးကျွမ်းဝင်မှုက ကြောက်စိတ်များကို အဆုံးသတ်စေတယ် ၁၇၇
၉၀။ ပါးရိုက် နားကိုက် ၁၇၉
၉၁။ အလွယ်တကူ အရှုံးမပေးကြေး ၁၈၁
၉၂။ နှစ်ဦးနှစ်ဘက် အကျိုးပျက် ၁၈၃
၉၃။ အရေးကြီးတာကို အရင်လုပ်ပါ ၁၈၅
၉၄။ မစဉ်းစားမိလို့ပါ ၁၈၇
၉၅။ သင်နဲ့ထိုက်တန်သလောက်ပဲ ယူပါ ၁၈၉
၉၆။ သူရဲဘောကြောင်သူက သတ္တိအကြောင်း မသင်ကြားပေးနိုင် ၁၉၁
၉၇။ ကျေးဇူးရှိက ကျေးဇူးမကန်းရ ၁၉၃
၉၈။ အဝေးက အန္တရာယ်ကို ဝေးဝေးရှောင်ပါ ၁၉၅
၉၉။ အရိပ်နောက်က ပြေးမလိုက်သင့် ၁၉၇
၁၀၀။ ဘယ်သွားသွား ရှေ့ကိုတော့ကြည့် ၁၉၉

mgyoe.com

mgyoe.com

# နိဒါန်း

ဤပုံပြင်စာအုပ်သည် တိုတိုနှင့် လိုရင်းရောက်သော၊ စာတစ်မျက်နှာလျှင် တစ်ပုဒ်ချင်းစီဖြင့် စိတ်ဝင်စားဖွယ် ရေးသားထားသော ကလေးများအတွက် အကျိုးထူးရစေသည့်စာအုပ် ဖြစ်သည်။ ဤစာအုပ်ပါ ပုံပြင်တစ်ပုဒ်ချင်းစီသည် ကလေးများအတွက် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာစေပြီး စိတ်ပိုင်းဆိုင်ရာ၌ နိုးကြား တက်ကြွစေကာ လူ့အသိုင်းအဝန်းအတွင်း ယဉ်ကျေးလိမ္မာ၍ စိတ်ဓာတ်မြင့်မားသည့် သူများဖြစ်အောင် ဖန်တီးပေးနိုင်မည်ဟု စာရေးသူမှ အပြည့်အဝ ယုံကြည်ပါသည်။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## အလိုကြီးအရနည်း
## များများလိုချင်လေ အားလုံး ဆုံးရှုံးလေ

ရှေးရှေးတုန်းက ရွာတစ်ရွာမှာ ဇနီးမောင်နှံနှစ်ဦးတို့ နေထိုင်ခဲ့ကြသတဲ့။ သူတို့မှာ အင်မတန် လှပတဲ့ ဘဲငန်းတစ်ကောင် ရှိတယ်။ အဲဒီဘဲငန်းက တစ်နေ့ကို ရွှေဥတစ်လုံး (နေ့စဉ်) ဥပေးတယ်။ ဇနီးမောင်နှံတို့ နှစ်ဦးက ရွှေဥကြောင့် တဖြည်းဖြည်း ချမ်းသာလာကြတာပေါ့။ ဒါပေမဲ့ ခင်ပွန်းသည်က တစ်နေ့ကို ရွှေဥတစ်လုံး ပုံမှန် ရနေတာကို သိပ်ပြီး အားမရပါဘူး။ သူက နေ့ချင်း ညချင်း အမြန် ချမ်းသာချင်နေတဲ့သူပါ။



ခင်ပွန်းသည်ဟာ ဘဲငန်းဆီက ရွှေဥတွေကို တစ်ခါတည်း ရယူချင်နေတယ်။ ဒီတော့ သူ အလေးအနက် စဉ်းစားပြီး နောက်ဆုံးမှာ ဆုံးဖြတ်ချက်ချလိုက်ပါတယ်။



mgyoe.com

ဘဲငန်းကို သတ်၊ ဗိုက်ကိုခွဲပြီး ရွှေဥတွေကို တစ်ခါတည်း ယူမယ်ပေါ့။ နောက်တစ်နေ့ နံနက်မှာ ဘဲငန်းက ပုံမှန်အတိုင်း ရွှေဥတစ်လုံး ဥပေးပါတယ်။ ဒီအချိန်မှာ ပိုင်ရှင် ယောက်ျားက ဘဲငန်းကို ဖမ်းပြီး ဓားထက်ထက်နှင့် လည်ပင်းကို ခုတ်ဖြတ်လိုက်တယ်။ ပြီးတော့ ဘဲငန်းရဲ့ ရင်ခေါင်းကနေ ဝမ်းဗိုက်အထိ ခွဲချပြီး ရွှေဥတွေကို ရှာကြည့်တာ ပေါ့။ ဒါပေမဲ့ ဘဲငန်းရဲ့ ဝမ်းထဲမှာ ဘာမှမတွေ့ရတော့ သူ တအား ဝမ်းနည်းသွားတယ်။ သူ့အတွက် နေ့စဉ် ရွှေဥတစ်လုံး ပုံမှန်ရတဲ့ အခွင့်အရေးလည်း ဆုံးရှုံးသွားခဲ့တယ်။ အဲဒီနောက်ပိုင်းမှာ ဇနီးမောင်နှံနှစ်ဦးစလုံး တစ်နေ့တခြား ဆင်းရဲလာကြပြီး နောက်ဆုံး မှာ ကုန်းကောက်စရာမရှိတဲ့ ဘဝအထိ ဆင်းရဲ မွဲတေသွားကြတယ်။ တကယ်တော့ မကောင်းတဲ့ လောဘစိတ်ကြောင့် ခုလို ဒုက္ခတွေ ရင်ဆိုင်ရတာပေါ့ကွယ်။ ဒါကြောင့် လောကမှာ အလိုကြီးရင် အရနည်းတတ်တယ်ဆိုတာကို ဒီပုံပြင်လေးက သင်ခန်းစာပေး ထားပါတယ်။

■



mgyoe.com

mgyoe.com

## အလှကိုယ်စီ

မိုးရာသီကာလ သာယာတဲ့ နေ့တစ်နေ့မှာ ဥဒေါင်းငှက်က တောထဲမှာ ပျော်ရွှင်စွာနဲ့ ကနေပါတယ်။ ဒီလိုနှင့် ရုတ်တရက် ဥဒေါင်းငှက်က သူ့ရဲ့ အသံသြသြကြီးကို သတိထားမိလိုက်တယ်။ ပြီးတော့ သူဟာ ခေါင်းငိုက်စိုက်ချပြီး ငိုကြွေးပါတော့တယ်။ ဥဒေါင်းငှက်ဟာ ငိုနေရင်းနှင့် သစ်ပင်ပေါ်မှာ နားနေတဲ့ နိုက်တင်ဂေးငှက်ကို ရုတ်တရက် တွေ့လိုက်တယ်။



"သူ့အသံက သာယာလိုက်တာနော်" … လို့ ဥဒေါင်းငှက်က အားကျမိတယ်။
"သူ့အသံက သာယာတော့ သူ့ကို လူတိုင်းက ချစ်ပြီး ချီးမွမ်းကြမှာပဲ"



mgyoe.com

''ဒါပေမဲ့ ငါ့အသံကိုကြားရင် လူတွေက ဝိုင်းရယ်ကြလိမ့်မယ်''... လို့ တွေးပြီး ပူဆွေးဝမ်းနည်းနေရှာပါတယ်။ ထိုအချိန်မှာ နတ်သမီးတစ်ပါးက ဥဒေါင်းရှေ့မှာ ပေါ်လာပြီး ...

''ဘာတွေ ဒီလောက် ဝမ်းနည်းနေတာလဲ ဥဒေါင်းရေ'' ... လို့ မေးလိုက်တယ်။

ဒီအခါမှာ ဥဒေါင်းက ''ကျွန်ုပ်မှာ ဒီလောက် လှပတဲ့ ခန္ဓာကိုယ် ရှိလို့ အားလုံးက ဝိုင်းပြီး ချီးမွမ်းအားကျကြပါတယ်''

''ဒါပေမဲ့ အသံကြီးက ကြောက်စရာကောင်းအောင် ဩနေလို့ လှပတဲ့ ခန္ဓာကိုယ်ပါ အလကားဖြစ်သွားတာပေါ့'' ... လို့ ဥဒေါင်းက နတ်သမီးကို ဝမ်းနည်းစွာနှင့် ပြောပြရှာတယ်။

ထိုအခါ နတ်သမီးက ''သင့်ဘဝနဲ့ သင့်အလှ အမှန်ကို မမေ့ပါနဲ့''

''လောကမှာရှိတဲ့ သတ္တဝါအားလုံးကို ဘုရားသခင်က အလှကိုယ်စီ ပေးထားပြီး ပြီပဲ''

''သင့်မှာလည်း သူများနဲ့မတူတဲ့ ကိုယ်ပိုင်အလှ ရှိသလို အခြားသတ္တဝါတွေမှာလည်း သူ့အလှ သူ့အစွမ်း ကိုယ်စီရှိနေကြတာပဲ''

''ဥပမာ လင်းယုန်တွေဆို ခွန်အားကြီးပြီး နိုက်တင်ဂေးငှက်ကတော့ တေးဆိုကောင်းတာပေါ့''

''သင်ကလွဲပြီး ဘယ်သူမှ ဝမ်းနည်း အားငယ်စိတ်တွေ မဖြစ်ဘူး'' လို့ နတ်သမီးက ဆုံးမ အားပေးစကား ပြောလိုက်ပါသတဲ့ကွယ်။

ဒါကြောင့် လောကမှာ ရှိတဲ့ သတ္တဝါအားလုံးမှာ အလှကိုယ်စီ ရှိနေတယ်လို့ နားလည်ရမယ်နော်။

■



mgyoe.com

mgyoe.com

## နွားကွဲရင် ကျားဆွဲမယ်

တစ်ခါတုန်းက တောအုပ်တစ်ခုမှာ နွားသုံးကောင် နေထိုင်ခဲ့ကြသတဲ့။ နွားသုံးကောင်စလုံးက သန်မာထွားကျိုင်း (ဆူဖြိုး) ကြတယ်။ သူတို့ သုံးကောင်စလုံးက သူငယ်ချင်းတွေဖြစ်လို့ အမြဲအတူ ရှိနေကြတာပေါ့။ သူတို့ထဲက တစ်ကောင် သွားရင် ကျန်တဲ့ နှစ်ကောင်က နောက်က လိုက်တတ်ကြတယ်။ ဒီတော့ သူတို့ သုံးကောင်စလုံး ရန်သူတွေရဲ့ ဘေးက လွတ်ကင်း လုံခြုံနေကြတာပေါ့။ အဲဒီ နွားသုံးကောင် အတူရှိနေတဲ့ အချိန်တိုင်း ဘယ်ကျား၊ ဘယ်ခြင်္သေ့ကမှ သူတို့အနားကို မလာရဲကြဘူး။



အဲဒီ တောထဲက သားရဲတွင်းထဲမှာ ကျားသစ်တစ်ကောင်ကလည်း နေထိုင်ပါသတဲ့။ အဲဒီ ကျားသစ်ဟာ နွားသုံးကောင်ကို မကြာခဏ တွေ့နေရတော့ စားချင်လွန်းလို့



mgyoe.com

သွားရှည်ပယိုနေတာပေါ့။ ဒါပေမဲ့ ကျားသစ်က နွားသုံးကောင်ရဲ့ အနားကို နည်းနည်းမှ မသွားရဲဘူး။

ဒီတစ်ခါ ကျားသစ်က နွားသုံးကောင်ကို စားရဖို့ စဉ်းစားပြီး အစီအစဉ်ဆွဲပါတော့တယ်။ ကျားသစ်ရဲ့ အကြံက နွားသုံးကောင်ရဲ့ စည်းလုံးမှုကို ဖြိုခွဲဖို့ တစ်ကောင်နှင့် တစ်ကောင် ရန်တိုက်ပေးမယ့် အစီအစဉ်ပါ။

ကျားသစ်ဟာ နွားတွေ တစ်နေရာစီ ကွဲသွားအောင်လုပ်ဖို့ ခွေးအရဲ့ အကူအညီကို ယူပြီး စတင် ခြောက်လှန့်လိုက်ပါတယ်။ နွားတွေ တစ်ကွဲတပြားစီ ဖြစ်သွားတော့မှ ကျားသစ်က နွားတစ်ကောင်ကို စတင် ခုန်အုပ်ပြီး သတ်စားလိုက်တာပေါ့။ ဒီလိုနည်းနှင့် ကျားသစ်ဟာ နွားတစ်ကောင်ချင်းစီကို အလွယ်တကူ သတ်ဖြတ်စားသောက်လိုက်ပါသတဲ့ ကွယ်။

ဒီပုံပြင်က 'စည်းလုံးမှု ပြိုကွဲရင် ပျက်စီးရမယ်'၊ 'နွားကွဲရင် ကျားဆွဲမယ်' ဆိုတာကို သင်ခန်းစာပေးတာပေါ့ကွယ်။

■

mgyoe.com

mgyoe.com

## အစွမ်းကိုယ်စီရှိကြသည်

နွေရာသီရဲ့ ပူပြင်းတဲ့နေ့တစ်နေ့မှာ ခြင်္သေ့တစ်ကောင်က သစ်ပင်ကြီးတစ်ပင်ရဲ့ အေးမြတဲ့ အရိပ်အောက်မှာ အိပ်စက်နေပါတယ်။ အဲဒီသစ်ပင်ရဲ့ အနီးအနားက တွင်းတစ်တွင်းထဲမှာလည်း ကြွက်တစ်ကောင်က နေထိုင်ပါသေးတယ်။ ရုတ်တရက် ကြွက်ဟာ တွင်းထဲက ထွက်လာပြီး ခြင်္သေ့ကြီး အိပ်နေတာကို တွေ့လိုက်ရတယ်။ ခြင်္သေ့ကြီးရဲ့ ခွန်အားဗလကို သတိမထားမိတဲ့ ကြွက်က ခြင်္သေ့ကြီး နိုးလာအောင် စဖို့ အနားက ဖြတ်ပြေးရင် ကောင်းမယ်လို့ စိတ်ကူးလိုက်တယ်။



ခြင်္သေ့ကြီး အနားကနေ ကြွက်လည်း ဖြတ်ပြေးရော ကံမကောင်းချင်တော့ ခြင်္သေ့ကြီးရဲ့ သန်မာတဲ့ လက်ဝါးအောက်မှာ ဖမ်းမိသွားတယ်။ ခြင်္သေ့ကြီးက သူ့ကို သတ်မလို့ လုပ်တော့ ...



mgyoe.com

“အသက်ကို ချမ်းသာပေးပါ ခင်ဗျာ” လို့ ကြွက်က တောင်းပန်တယ်။

“သင် အသက်ချမ်းသာပေးတဲ့ ကျေးဇူးကို ကျွန်တော် တစ်နေ့ ပြန်ဆပ်ပါ့မယ်” လို့ ကြွက်က ကတိပေးလိုက်တယ်။

ဒီအခါ ခြင်္သေ့ကြီးက ကြွက်ရဲ့ ပြောစကားကို သဘောကျသွားပြီး ပြုံးရွှင်စွာနှင့် လွှတ်ပေးလိုက်တယ်။ ဒါပေမဲ့ ရက်အနည်းငယ် ကြာတဲ့နောက်မှာ ခြင်္သေ့ကြီးဟာ သစ်ပင်မှာ ထောင်ထားတဲ့ မုဆိုးရဲ့ ပိုက်ကွန်မှာ ထောင်ချောက်မိသွားပါတယ်။ ခြင်္သေ့ဟာ ကြောက်လည်းကြောက်၊ ဒေါသလည်းဖြစ်ပြီး ကျယ်လောင်စွာ ဟိန်းလိုက်တာပေါ့။ ခြင်္သေ့ရဲ့ ဟိန်းသံကြားလို့ ကြွက်က တွင်းထဲကနေ ထွက်လာတော့ ခြင်္သေ့ကို ကျေးဇူးဆပ်ဖို့ အခွင့်အရေးနှင့် ကြုံကြိုက်သွားခဲ့တယ်။

“ကြွက်ရဲ့ သန်မာပြီး ထက်မြက်တဲ့ သွားတွေကို ပိုက်ကွန်ကို အချိန်မီ ကိုက်ဖြတ်ပေးနိုင်လို့ ခြင်္သေ့ကြီး အသက်အန္တရာယ်ကနေ လွတ်ကင်းသွားပါသတဲ့။

ဒီပုံပြင်လေးက “သေးငယ်တဲ့ အရာတွေဟာ ကြီးမားတဲ့ အလုပ်တွေကို လုပ်နိုင်တယ်” ဆိုတာကို သင်ခန်းစာပေးတာပေါ့ကွယ်။

■



mgyoe.com

mgyoe.com

## ချင့်ချင့်ချိန်ချိန် သုခမိန်

တစ်ခါတုန်းက မြေခွေးတစ်ကောင်ဟာ အမှောင်ထဲမှာ ဟိုဒီသွားလာရင်း ကံမကောင်းစွာနှင့် ရေတွင်းတစ်တွင်းထဲ ပြုတ်ကျသွားခဲ့တယ်။ သူဟာ ရေတွင်းထဲကနေ ထွက်နိုင်အောင် အကြိမ်ကြိမ် ကြိုးစားပေမဲ့ မအောင်မြင်ပါဘူး။ ဒီတော့ မြေခွေးဟာ နောက်တစ်နေ့မနက်ထိ ဆက်ပြီး နေနေရတာပေါ့။ ဒီလိုနှင့် နောက်တစ်နေ့ မွန်းလွဲခါနီးမှာ မြေခွေး ရှိနေတဲ့ ရေတွင်းအနားကို ဆိတ်မ တစ်ကောင် ရောက်လာခဲ့တယ်။ ဆိတ်မက ရေတွင်းထဲကို ချောင်းကြည့်လိုက်တော့ အထဲမှာ မြေခွေး ရှိနေတာကို တွေ့သွားတယ်။



"ကိုမြေခွေး အဲဒီထဲမှာ ဘာလုပ်နေတာလဲ" လို့ ဆိတ်မက လှမ်းမေးလိုက်တယ်။
" ငါ ဒီမှာ ရေလာသောက်တာ"



mgyoe.com

''ငါ သောက်ဖူးတဲ့ ရေတွေထဲမှာ ဒီတွင်းရေက အကောင်းဆုံးပဲ''

''ဆင်းပြီး လာသောက်ကြည့်ပါလား'' လို့ ကောက်ကျစ်တဲ့ မြေခွေးက လှမ်းခေါ်လိုက်တယ်။

ဒီအခါ စဉ်းစားဉာဏ် လုံးဝမရှိတဲ့ ဆိတ်မက ရေတွင်းထဲကို ခုန်ဆင်းပြီး ရေငတ်ပြေအောင် သောက်လိုက်တယ်။ ပြီးမှ အပေါ်တက်ဖို့ လမ်းကို နှစ်ဦးသား တိုင်ပင်ကြတယ်။ ခဏကြာတော့ မြေခွေးက …

''ငါ့မှာ အကြံရှိတယ်''

''မင်း မတ်တပ်ရပ်ပြီး ရှေ့ခြေနှစ်ချောင်းကို နံရံမှာ ထောက်ပြီး ဆန့်ထား''

''ငါက မင်းရဲ့ ခေါင်းပေါ်တက်ပြီး အပြင်ကို ထွက်မယ်''

''ပြီးမှ မင်းကိုလည်း ထွက်လို့ရအောင် လုပ်ပေးမယ်'' လို့ လိမ်ညာပြောလိုက်တယ်။

ရေတွင်းအပြင်ကို ရောက်သွားတဲ့ မြေခွေးက ''မင်းမှာ အသိဉာဏ်မရှိဘူးလား''

''ရေတွင်းထဲက ဘယ်လိုထွက်မလဲ ဆိုတာကို မသိဘဲနဲ့ ဘယ်လို အပြင်ရောက်မှာလဲ'' လို့ ဆိတ်မကို ပြောလိုက်ပါသတဲ့ကွယ်။

ဒီပုံပြင်လေးက အရာရာ နှိုင်းနှိုင်းချိန်ချိန် (ချင့်ချင့်ချိန်ချိန်) လုပ်ဖို့နှင့် စဉ်းစားဉာဏ်မရှိရင် သူတစ်ပါးရဲ့ ကောက်ကျစ်ယုတ်မာမှုကို ခံရမယ်လို့ သင်ခန်းစာ ပေးထားတာပေါ့ကွယ်။

■



mgyoe.com

mgyoe.com

## ချုံပုတ်ထဲမှာ ရှိနေတဲ့ နှစ်ခုထက် လက်ထဲမှာ ရှိနေတဲ့ တစ်ခုက ပိုပြီး တန်ဖိုးရှိတယ်

တစ်နေ့မှာ တံငါသည်တစ်ယောက်ဟာ ခါတိုင်းလိုပဲ ငါးဖမ်းဖို့ မြစ်ကမ်းနားကို ရောက်လာခဲ့တယ်။

တံငါသည်ဟာ ပိုက်ကွန်ကို ရေထဲ ဖြန့်ချပြီး ငါးတိုးတဲ့အထိ ထိုင်စောင့်နေခဲ့တယ်။ သူ ငါးကြီးကြီး မိပါစေလို့ မျှော်လင့်ဆုတောင်းနေတာပေါ့။



အချိန်အနည်းငယ် ကြာတဲ့နောက် တံငါသည်က ပိုက်ကွန်ကိုလည်း ဆွဲလိုက်ရော အင်မတန် သေးငယ်တဲ့ ငါးလေးတစ်ကောင်သာ ပါလာတာကို တွေ့လိုက်ရတယ်။ တံငါသည်က ငါးလေးကို ပိုက်က ဖြုတ်ပြီး သူ့ပလိုင်းထဲ ထည့်လိုက်တယ်။ ပြီးတော့



mgyoe.com

နောက်တစ်ကြိမ် မြစ်ထဲကို ပိုက်ချပြန်တယ်။ ဒီတစ်ကြိမ်မှာလည်း ငါးလေးတစ်ကောင်ကိုသာ ဖမ်းမိပြန်သတဲ့။ တံငါသည်က ငါးကို ပိုက်ကွန်ကလည်း ဖြုတ်ရော …

"ကျွန်တော့်ကို မြစ်ထဲ ပြန်လွှတ်ပေးပါ ခင်ဗျာ"

"မဟုတ်ရင် ကျွန်တော် သေရပါလိမ့်မယ်" လို့ ငါးလေးက တောင်းပန်ရှာတယ်။

ထိုအခါ တံငါသည်က "ငါက ဘာလို့ လွှတ်ပေးရမှာလဲ" လို့ မေးတာပေါ့။

"ကျွန်တော်က တကယ်ကို သေးငယ်လွန်းပါတယ်"

"သင့်အတွက် စားသောက်ဖို့ သိပ်အသုံးမဝင်လောက်ပါဘူး" လို့ ငါးလေးက ရှင်းပြလိုက်တယ်။

ပြီးတော့ ငါးကလေးက "ကျွန်တော်က အခု သေးပေမဲ့ နောက်ရက် အနည်းငယ်ကြာလာရင် အတော် ကြီးလာတော့မှာ"

"အဲဒီအခါကျမှ ကျွန်တော့်ကို ဖမ်းပါလား၊ ဒါဆို သင့်အတွက် တကယ်အသုံးဝင်သွားမှာပေါ့" လို့ အကျိုးအကြောင်း ရှင်းပြပါတယ်။

"ဟာ မရပါဘူး"

"ငါက မင်းကို မိနေမှတော့ ဘာလို့ လွှတ်ပေးရမှာလဲ"

"ငါ နောက်တစ်ကြိမ် မြစ်ထဲမှာ မင်းကို လာဖမ်းရင် (မင်းက ကြီးလာလို့) ဖမ်းမိနိုင်မှာ မဟုတ်ဘူး" လို့ တံငါသည်က ချေပ ပြောဆိုလိုက်သတဲ့။ ဒါကြောင့် မိမိလက်ထဲမှာ ရှိနေတဲ့အရာကသာ တန်ဖိုးအရှိဆုံး၊ အသေချာဆုံး ဖြစ်တယ်လို့ ဒီပုံပြင်လေးက သင်ခန်းစာပေးထားတာပေါ့ကွယ်။

■



mgyoe.com

mgyoe.com

## ဖြည်းဖြည်းနှင့်မှန်မှန် ပန်းဝင်၍ အောင်ပွဲခံ

တစ်ခါတုန်းက ယုန်တစ်ကောင်ဟာ ရေဆာပြေ ရေသောက်ဖို့ ရေကန်တစ်ကန် အနီးကို ရောက်လာခဲ့တယ်။ ယုန်ရောက်နေတဲ့ နေရာအနီးမှာ ဖြည်းဖြည်းချင်းသွားနေတဲ့ လိပ်ကို အမှတ်မထင် တွေ့လိုက်ရတော့ ယုန်က ပြောင်လှောင်ချင်တဲ့စိတ်နှင့် ကျီစယ် ပြောဆိုလိုက်မိတယ်။ ဒီအခါ လိပ်ကလည်း မခံချင်စိတ်နှင့် 'အပြေးပြိုင်မယ်လို့' ယုန်ကို စိန်ခေါ်လိုက်တာပေါ့။ ယုန်ကလည်း လိပ်ရဲ့ စိန်ခေါ်မှုကို အထင်သေးစိတ်နှင့် ပြုံးပြုံးရွှင်ရွှင် လက်ခံလိုက်ပြီး ပြိုင်ပွဲအတွက် ရက်သတ်မှတ်လိုက်ကြတယ်။



သတ်မှတ်ထားတဲ့ရက်မှာ ပြိုင်ပွဲကို နံနက် အစောပိုင်းမှာ စတင်ခဲ့တယ်။ ထင်တဲ့ အတိုင်းပဲ အပြေးပြိုင်တော့ ယုန်က ရှေ့ကို အရင်ရောက်နေပြီး လိပ်က နောက်မှာ



mgyoe.com

အဝေးကြီး ကျန်နေခဲ့တာပေါ့။ ပန်းတိုင်ကို မရောက်သေးပေမဲ့ ယုန်က အပြေးပြိုင်ရတာကို ပျင်းလာပါတယ်။ ယုန်က ပြေးလိုက် လိပ်က နောက်မှာ ကျန်ခဲ့လိုက် ဖြစ်နေတော့ ယုန်က ပြေးတာကို ခဏရပ်ပြီး မြက်ခင်းထဲက မြက်နုလေးတွေကို စားရင်း လိပ်ကို စောင့်နေတာပေါ့။ အစာဝသွားတဲ့ ယုန်ဟာ မကြာခင်မှာ အိပ်ငိုက်လာပြီး အရိပ်ကောင်းတဲ့ သစ်ပင်အောက်မှာ သွားအိပ်နေလိုက်တယ်။ အဲဒီ အချိန်ထိ လိပ်က ပေါ်မလာသေးဘဲ နောက်ကျနေတုန်းပေါ့။ ယုန်ကတော့ သူ့ကိုယ်သူ နိုင်မယ်ဆိုပြီး စိတ်ချလက်ချနှင့် အိပ်နေဆဲ။

မကြာခင်မှာပဲ လိပ်ဟာ တဖြည်းဖြည်းချင်း သွားနေတဲ့ နှုန်းအတိုင်း အိပ်နေတဲ့ ယုန်ကို တိတ်တဆိတ် ကျော်သွားပါတော့တယ်။ ယုန်အိပ်ရာက နိုးလာတော့ အတော်ကို နောက်ကျနေပါပြီ။ ဒီအချိန်မှာ လိပ်က ပန်းဝင်ခါနီး ဖြစ်နေလို့ ယုန်က အားကုန်သုံးပြီး ပြေးလိုက်ပေမဲ့ လိပ်က ပန်းတိုင်ကို ချောချောမောမော ရောက်တဲ့ အောင်နိုင်သူ ဖြစ်သွားပါသတဲ့ကွယ်။

■



mgyoe.com

mgyoe.com

## မရနိုင်တာကို မုန်းကြသည်

ရှေးရှေးတုန်းက မြေခွေးတစ်ကောင်ဟာ အစာရှာဖို့ ခြေဦးတည့်ရာ ထွက်လာခဲ့တယ်။ သူဟာ ဆာလောင်လွန်းလို့ အားအင်ချိနဲ့နေရှာတယ်။ ကံကောင်းစွာနှင့် သူဟာ ပန်းခြံတစ်ခုထဲကို ရောက်သွားခဲ့တယ်။ အဲဒီ ပန်းခြံထဲမှာ အသီးတွေ ဝေဆာနေတဲ့ စပျစ်ပင်ကို မြေခွေးက အမှတ်မထင် တွေ့လိုက်ရတယ်။ အဲဒီ စပျစ်သီးတွေကလည်း မှည့်ပြီး အရည်ရွှမ်းနေတာပဲတဲ့။



မြေခွေးက စပျစ်ပင်ကို အသာငမ်းငမ်း တက်တဲ့ မျက်လုံးနှင့် မော့ကြည့်ပြီး သွားရည်ယိုနေတာပေါ့။ မြေခွေးက အဆာပြေအောင် စပျစ်သီး အားလုံးကို စားပစ်လိုက်မယ်လို့ ကြုံးဝါးလိုက်တယ်။ ဒါပေမဲ့ သူက ဆာလောင်လွန်းလို့ အားအင်ချိနဲ့ပြီး လမ်း



mgyoe.com

လျှောက်ရတာတောင် အနိုင်နိုင် ဖြစ်နေရှာတယ်။ ဒီတော့ မြေခွေးက ခေတ္တအနားယူဖို့ မြေကြီးပေါ် ထိုင်ချလိုက်တယ်။ အဲဒီနောက် နည်းနည်း လန်းဆန်းလာတော့မှ စပျစ်သီးကို လှမ်းမိတဲ့အထိ အမြင့်ဆုံး ရောက်အောင် ခုန်ပြီး ခူးလိုက်တယ်။ ဒါပေမဲ့ စပျစ်ခိုင်က လက်လှမ်းမမီနိုင်လောက်အောင် မြင့်နေလို့ ခုန်တာ မအောင်မြင်ပါဘူး။ နောက်ထပ် တစ်ကြိမ် အမြင့်ဆုံး ရောက်အောင် ခုန်ပေမဲ့လည်း အချည်းနှီးပါပဲ။

နောက်ဆုံး အကြိမ်မှာ မြေခွေးဟာ အားအင်ရှိသမျှ စုစည်းပြီး တစ်ခါတည်း အမြင့်ဆုံးရောက်အောင် ကြိုးစားပါသေးတယ်။ ဒါပေမဲ့လည်း မအောင်မြင်ပါဘူး။

မြေခွေးဟာ သူ့ရဲ့ ကျရှုံးမှုကို ဝန်မခံဘဲ မရနိုင်တာကို မုန်းတီးတဲ့စိတ်နှင့် ခုလို ပြောလိုက်ပါတယ်။

''ဒီစပျစ်သီးတွေက မှည့်ပြီး အရည်ရွှမ်းမယ်လို့ ငါ ထင်ခဲ့တာ''

''အခုတော့ ငါ သိရပြီ''

''ဒီစပျစ်သီးတွေ အားလုံး လုံးဝ ချဉ်နေမှာ သေချာတယ်''

■



mgyoe.com

mgyoe.com

## တစ်ကြိမ်ညာမိက ပျက်စီးရ

တစ်ခါက တောင်ကုန်းတစ်ခုရဲ့ အောက်ခြေမှာ တည်ရှိတဲ့ ရွာတစ်ရွာမှာ သိုးကျောင်းသားကလေးတစ်ယောက် နေခဲ့ဖူးတယ်။ သိုးကျောင်းသားဟာ သူ့ရဲ့ သိုးအုပ်ကို စားကျက် ခေါ်သွားပြီး နေ့စဉ် ကျောင်းလေ့ရှိသည်။ သိုးတွေက မြက်စားနေချိန်မှာ သိုးကျောင်းသားကလေးက ပျင်းနေတာပေါ့။



တစ်နေ့မှာ သိုးကျောင်းသားကလေးက ရွာထဲက သူငယ်ချင်းတွေကို အပျင်းပြေ နောက်ပြောင် ကျီစယ်မယ်လို့ စိတ်ကူးရလာတယ်။ ဒီတော့ သူက ကျောက်တောင် ခပ်မြင့်မြင့်ပေါ်တက်ပြီး အမြင့်ဆုံး အသံနှင့် ခုလို အော်လိုက်ပါတော့တယ်။



mgyoe.com

“ဝံပုလွေဟေ့၊ ဝံပုလွေ”

mgyoe.com

“ကျွန်တော်နဲ့ ကျွန်တော့် သိုးတွေကို ကယ်ကြပါဦး”

သိုးကျောင်းသားရဲ့ အသံကို ရွာသားတွေက ကြားတော့ ကူညီဖို့ အပြေးအလွှား ရောက်လာကြတာပေါ့။ ဒါပေမဲ့ သိုးကျောင်းသားက ခုလို ပြေးလာတဲ့ သူတွေကို ကြည့်ပြီး အားရပါးရ ရယ်ပါသတဲ့။

“ဘယ်ဝံပုလွေမှ မလာပါဘူး”

“ကျုပ်က ပျော်ရုံ သက်သက် နောက်ပြောင်တာပါ” လို့ သိုးကျောင်းသားက ပြောတော့ ရွာသားတွေက ဒေါပွပြီး ပြန်လာခဲ့ကြတယ်။ ရွာသားတွေက နောက်တစ်ကြိမ် အရူးလုပ် မခံတော့ဘူးလို့ ဆုံးဖြတ်ကြတာပေါ့။ တစ်နေ့မှာ သိုးကျောင်းနေတုန်း ဝံပုလွေ တစ်ကောင် အမှန်တကယ် ရောက်လာခဲ့တယ်။

ဒီတစ်ခါ သိုးကျောင်းသားက “ဝံပုလွေ လာပြီး ကယ်ပါဦး” လို့ အော်နေပေမဲ့ ဘယ်ရွာသားမှ ပေါ်မလာတော့ပါဘူး။ ဝံပုလွေက သိုးတွေကို တစ်ကောင်ပြီး တစ်ကောင် ကိုက်နေလို့ သိုးကျောင်းသားက ကြိုးစားတိုက်ခိုက်ပေမဲ့ နောက်ဆုံးမှာ သူပါ ဝံပုလွေရဲ့ ကိုက်သတ်ခြင်းကို ခံလိုက်ရပါသတဲ့ကွယ်။ ဒီပုံပြင်က အန္တရာယ် ရှိတာကို မနောက်ပြောင်ဖို့ သတိပေးထားပါတယ်။

■




mgyoe.com

mgyoe.com

# ဝီရိယတန်ဖိုး

ဆောင်းရာသီရဲ့ နေသာသော နေ့တစ်နေ့ ပုရစ်တစ်ကောင်က နေဆာလှုံရင်း တစ်ရွေ့ရွေ့ သွားနေတယ်။ အဲဒီပုရစ်ဟာ အရင်ညတွေကတည်းက အစာ လုံးဝ မစားရသေးလို့ အလွန် ဆာလောင်နေရှာတယ်။ ဒုက္ခရောက်နေတဲ့ ပုရစ်ဟာ အစာရလိုရငြား လျှောက်ရှာနေပေမဲ့ ဘာမှ မရခဲ့ပါဘူး။ ပုရစ်ဟာ လျှောက်သွားနေရင်းနှင့် ဆန်စေ့ ဂျုံစေ့တွေကို တွင်းထဲ သယ်ယူနေတဲ့ ပုရွက်ဆိတ် အချို့ကို အမှတ်မထင် တွေ့လိုက်ရတယ်။



ထိုအခါ ပုရစ်က ပုရွက်ဆိတ်တွေထံ သွားပြီး အောက်ကျို့တဲ့ လေသံနှင့် ခုလို ပြောလိုက်တယ်။



mgyoe.com

"ကျေးဇူးပြုပြီးတော့ ကျွန်တော့်ကို ဆန်စေ့ နည်းနည်းလောက် စားဖို့ မျှပေးပါလား"

"ကျွန်တော် မနေ့ကတည်းက အစာ မစားရသေးလို့ပါ"

"ကျွန်တော် အစာငတ်ပြီး သေရပါတော့မယ်"

ပုရစ်ရဲ့ တောင်းပန်စကားကို ကြားလိုက်ရတော့ ပုရွက်ဆိတ်တွေက အလုပ်လုပ်တာကို ခေတ္တရပ်ပြီး

"ခင်ဗျား နွေရာသီတုန်းက ဘာလုပ်နေသလဲ"

"ခင်ဗျား ဘာကြောင့် ချမ်းအေးတဲ့ ဆောင်းရာသီအတွက် အစားအစာတွေ မသိုလှောင်တာလဲ" လို့ ပုရွက်ဆိတ် တစ်ကောင်က ပြောလိုက်တာပေါ့။

**"အမှန်တကယ် ဝန်ခံရရင် တစ်နွေလုံး** အစားအစာတွေ မစုဆောင်းဘဲ သီချင်း**ဆိုရင်း အချိန်ဖြုန်းနေခဲ့မိပါတယ်" လို့ ပုရစ်က** အပြစ်ဝန်ခံ ပြောဆိုပါတယ်။

ထိုအခါ ပုရွက်ဆိတ်က "ဆောင်းတွင်းမှာလည်း ကဦးလေ" လို့ ပြုံးပြီး ပြန်ပြောလိုက်တော့ ပုရစ်က ခေါင်းလေး ပုပြီး အဝေးကို ထွက်သွားပါတော့တယ်။

ဒီပုံပြင်လေးက အချိန်ရှိခိုက် လုံ့လစိုက်ဖို့ ဝီရိယကြောင့် ကြိုတင် ပြင်ဆင်မှုတွေ လုပ်နိုင်ဖို့ သင်ခန်းစာ ပေးထားပါတယ်။

■



mgyoe.com

mgyoe.com

# မကောင်းကြံ ကိုယ်ထိ

တစ်ခါတုန်းက ဝံပုလွေ တစ်ကောင်ဟာ တောထဲမှာ သားကောင်ရှာရင်းနှင့် တောစပ်မှာရှိတဲ့ ရွာတစ်ရွာကို ရောက်လာခဲ့တယ်။

ရွာကိုလည်း ရောက်ရော သိုးတစ်အုပ်က စားကျက်မှာ အစာ စားနေကြတာကို ဝံပုလွေက တွေ့သွားတာပေါ့။ သိုးအုပ်ကို တွေ့လိုက်တာနှင့် ဝံပုလွေက သတ်ဖြတ် စားသောက်ဖို့ အစီအစဉ် စဆွဲပါပြီ။



ဝံပုလွေဟာ လူသွားလမ်းဘေးမှာ ကျနေတဲ့ သိုးအရေခွံတစ်ခုကို တွေ့သွားခဲ့တယ်။ အရင်နေ့တွေတုန်းက တောကောင်ရဲ့ ကိုက်သတ်ခြင်း ခံရတဲ့ သိုးတစ်ကောင်ရဲ့ အရေခွံ ဖြစ်မယ် ထင်တယ်။



mgyoe.com

သိုးအရေခွံကို မြင်လိုက်တယ် ဆိုရင်ပဲ ဝံပုလွေဆီမှာ ကောက်ကျစ်တဲ့ အကြံကောင်းတွေ ပေါ်လာတယ်။ သူ့အစီအစဉ်က သိုးအရေခွံကို ခြုံ၊ သိုးယောင်ဆောင်ပြီး သိုးအုပ်ထဲမှာ ရောနေမယ်။ ပြီးမှ တစ်ကောင်ချင်းစီကို အလွယ်တကူ ကိုက်သတ်ပြီး စားပစ်မယ်ပေါ့။ ဒီလိုနှင့် သိုးအရေခွံ ခြုံပြီး သိုးအုပ်ထဲ ဝင်ရောလိုက်တယ်။ ခဏကြာတော့ သိုးကျောင်းသားက သိုးအုပ်ကို ရွာဘက် ပြန်မောင်းပြီး အိမ်ကို ရောက်တာနှင့် သိုးတွေကို ခြံထဲထည့်၊ သော့ခတ်ထားလိုက်တယ်။

ဒီအချိန်မှာ သိုးကျောင်းသားရဲ့ ဇနီးသည် ရောက်လာပြီး ခုလို ပြောလိုက်တယ်။

''ညစာ အတွက် ဘာမှ မချက်ရသေးဘူး''

''ကျွန်မ ဟင်းချက်ဖို့ သိုးတစ်ကောင် ရွေးပေးပါ''

ဇနီးသည်မှာတဲ့အတိုင်း သိုးကျောင်းသားက သိုးခြံထဲ ဝင်သွားပြီး အဝဆုံး (အဆူဖြိုးဆုံး) သိုးကို ရွေးလိုက်တာပေါ့။ သိုးယောင်ဆောင်ထားတဲ့ ဝံပုလွေက သိုးတွေထဲမှာ အဝဆုံး ဖြစ်နေလို့ သူ အရွေးခံလိုက်ရတယ်။ သိုးကျောင်းသားက ပုဆိန်နှင့် ခုတ်သတ်ပြီး ဟင်းစား လုပ်လိုက်တာပေါ့။ (ဒါကြောင့် သူများ မကောင်းကြံရင် ကိုယ်ပဲ ထိတတ်တယ် ဆိုတာကို သတိပြုကြပါ)

■




mgyoe.com

mgyoe.com

## ကြမ်းတမ်းတဲ့ အိမ်နီးချင်းကိုရှောင်

ရှေးရှေးတုန်းက ရက်ပေါင်း အတော်ကြာကြာ မိုးသည်းထန်ခဲ့လို့ အိမ်နဲ့ ပစ္စည်းတွေ ရေကြီးရာ မျောပါသွားခဲ့တာပေါ့။ အိမ်တွေ မျော၊ ပစ္စည်းတွေ မျောတဲ့ အထဲမှာ ရေတကောင်းအိုး နှစ်အိုးလည်း ရေစီးနှင့် အတူ ပေါလောမျောခဲ့ရတာပေါ့။ ရေတကောင်း တစ်အိုးက ကြေးနှင့် လုပ်ထားပြီး နောက်ရေတကောင်းကတော့ ရွှံ့စေးနှင့် လုပ်ထားတဲ့ ရေတကောင်းပါ။ ကြေးရေတကောင်းကတော့ မူလကတည်းက သန်မာလို့ ရေစီးထဲ မျောလာတဲ့ ဘယ်ပစ္စည်းနှင့်မဆို အထိခိုက်ခံနိုင်တယ်။ ဒါပေမဲ့ ရွှံ့စေး (မြေ)နှင့် လုပ်ထားတဲ့ ရေတကောင်းကတော့ အက်လွယ် ကွဲလွယ်လို့ ထိခိုက်မိမှာ စိုးရိမ်နေရတာပေါ့။



ဒီအခါမှာ ကြောက်ရွံ့မှုတွေ ပြည့်နှက်နေတဲ့ ရွှံ့စေး ရေတကောင်းရဲ့ မျက်နှာကို ကြည့်ပြီး ကြေးရေတကောင်းက ခုလို ပြောလိုက်တယ်။



mgyoe.com

"ညီလေး၊ အစ်ကိုနား ကပ်နေစမ်း"

"ငါ မင်းကို နည်းမျိုးစုံနဲ့ ကာကွယ်ပေးမယ်"

"အဲဒါကမှ ပိုပြီး အန္တရာယ်ရှိမှာ အစ်ကိုရေ"

"ကျွန်တော် အစ်ကိုနဲ့ ခပ်ဝေးဝေး နေရင်း ပေါလောမျောနေလိုက်တာက ပိုစိတ်ချရမယ်"

"ကျွန်တော်တို့ နှစ်ယောက်စလုံး အတူတူ ရှိနေရင် ကျွန်တော့်အတွက် ပိုပြီး ဆိုးသွားနိုင်တယ်" လို့ မြေရေတကောင်းက ပြောလိုက်တာပေါ့။

ဒီပုံပြင်လေးက မိမိအပေါ် ခင်တွယ်သော်လည်း ရုန့်ရင်းကြမ်းတမ်းတဲ့ အိမ်နီးချင်း ဖြစ်နေလို့ သူနှင့် ပေါင်းဖက် (အတူရှိနေသမျှ) နေချိန်တိုင်း ပြဿနာ ဒုက္ခမျိုးစုံနှင့် ကြုံတွေ့နေရမယ်လို့ သတိပေးထားပါတယ်။

■



mgyoe.com

mgyoe.com

## အသားလိုလို့ အရိုးတောင်း

တစ်ခါတုန်းက စမ်းချောင်းထိပ်ဖျားမှာ ရေသောက်နေတဲ့ ဝံပုလွေ တစ်ကောင်က ရုတ်တရက် သိုးငယ်ကလေးတစ်ကောင်ကို အမှတ်မထင် တွေ့သွားတယ်။ အဲဒီ သိုးငယ်လေးက စမ်းချောင်းအောက်ဘက် ခပ်လှမ်းလှမ်းမှာ ရေသောက်နေတာပေါ့။

သိုးငယ်ကလေးကို မြင်လိုက်ရတာနှင့် ဝံပုလွေက သွားရည်ကျလာပြီး ကိုက်သတ်စားသောက်ဖို့ ဆုံးဖြတ်လိုက်တယ်။



ဝံပုလွေက သိုးငယ်ကလေးရဲ့ အနား လျှောက်လာရင်းနှင့် ခုလို စဉ်းစားတယ်။

"သူ လန့်ပြီး မပြေးအောင် သူ့ကို တစ်ခုခု စွပ်စွဲပြီး စကား အငြင်းအခုံ လုပ်မယ်၊ ဒါမှ သူ ရပ်ပြီး တစ်ခုခု ပြန်ပြောနေတုန်း ငါက ခုန်အုပ်လိုက်မယ်"



mgyoe.com

သိုးငယ်လေးရဲ့ အနားလည်း ရောက်ရော ဝံပုလွေက မီးဝင်းဝင်းတောက်နေတဲ့ ဒေါသမျက်လုံးနှင့် ''ငါ သောက်နေတဲ့ ရေကို ဘယ်သူ နောက်အောင် လုပ်တာလဲ''

''မင်းလား'' လို့ ဝံပုလွေက စွပ်စွဲလိုက်တယ်။

ထိုအခါ သိုးငယ်က ''ကျွန်တော် မလုပ်ရဲပါဘူး ခင်ဗျား''

''ရေက သင့်ဘက် (အပေါ်) ကနေ ကျွန်တော့်ဘက် (အောက်) ကို စီးနေတာ မဟုတ်လား'' လို့ ကြောက်ရွံ့ တုန်လှုပ်စွာနှင့် ပြန်ဖြေရှာတယ်။

ဒီအခါ ဝံပုလွေက ပြောစရာစကား မရှိတော့လို့ ခဏ စဉ်းစားပြီးမှ ''မနှစ်တုန်းက မင်း ဘာလို့ ငါ့ကို ဆဲသွားတာလဲ'' လို့ ထပ်ပြီး စွပ်စွဲပြန်တယ်။

ထိုအခါ သိုးငယ်က ''ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ ခင်ဗျာ''

''အဲဒီတုန်းက ကျွန်တော်တောင် မမွေးသေးဘူး'' လို့ ပြန်ပြောတာပေါ့။

နောက်ဆုံးမှာ ဝံပုလွေက ''ကောင်းပြီ၊ မင်းမဟုတ်ဘူး ဆိုရင် မင်းအဖေပဲ ဖြစ်မှာ'' လို့ ပြောပြီး သိုးငယ်လေးပေါ် ခုပ်အုပ် သတ်ဖြတ် စားသောက်လိုက်ပါတော့ တယ်။

■



mgyoe.com

mgyoe.com

# အသက်ဉာဏ်စောင့်

ငှက်လှောင်အိမ် တစ်ခုအတွင်းမှာ များစွာသော ငှက်တွေက ဘေးကင်းလုံခြုံစွာနှင့် ရှိနေကြတယ်။ ကံအကြောင်းမလှစွာနှင့် ငှက်လှောင်အိမ်အတွင်း ကူးစက်ရောဂါ ကျရောက်ပါလေရော ငှက်အတော်များများ ဖျားနာကုန်ကြပြီ။



ငှက်ပိုင်ရှင်က စိုးရိမ်တကြီးနှင့် ဆရာဝန် လိုက်ရှာရတော့တာပေါ့။ အဲဒီလို ငှက်ပိုင်ရှင်က ဆရာဝန် အရေးတကြီး ရှာနေတာကို ကြောင်တစ်ကောင်က ကြားသွားတယ်။ ကြောင်က ငှက်တွေ နေမကောင်းဘူး ဆိုတာကို သိသွားပြီ ဆိုတော့ လှောင်အိမ်နားကို တစ်နည်းနည်းနှင့် ရောက်အောင်သွားပြီး ငှက်တစ်ကောင်ချင်းစီကို အလွယ်တကူ သတ်ဖြတ်စားဖို့ အစီအစဉ် ချပါတော့တယ်။



mgyoe.com

မကြာခင်မှာပဲ ကြောင်က ဆရာဝန်ယောင်ဆောင်ပြီး ငှက်လှောင်အိမ် အနားကို ကပ်လာခဲ့တယ်။ အခွင့်သာတာနှင့် တံခါးကို ဖွင့်မယ်ပေါ့။

"ဘယ်လိုလဲ သူငယ်ချင်းတို့၊ နေကောင်းကြရဲ့လား၊ ခင်ဗျားတို့ကို ဆေးကုပေးဖို့ ကျွန်တော် လာတာ"

'ဒီမှာ ခင်ဗျားတို့အတွက် ဆေးတွေ" လို့ ကောက်ကျစ်တဲ့ ကြောင်က စတင် လိမ်ပြောပါတော့တယ်။

ထိုအခါ ငှက်တွေက "ငါတို့ အားလုံး နေကောင်းပါတယ်၊ ဆေးကုသဖို့ မလိုပါဘူး၊ ကျေးဇူးပြု၍ ငါတို့ဘာသာ လှောင်အိမ်ထဲမှာ နေပါရစေ" လို့ တံခါး လုံးဝ ဖွင့်မပေးဘဲ ပြန်ပြောလိုက်တယ်။

ဒီပုံပြင်လေးဟာ ဘယ်လိုပဲ လိမ်ညာစကား ပြောပြော အယုံမလွယ်တတ်ရင် အသက်ဘေးက ကင်းလွတ်တယ် ဆိုတာကို သင်ခန်းစာ ပေးထားတာပေါ့ကွယ်။

■



mgyoe.com

mgyoe.com

## လူမိုက်နောက်မှ အကြံရ

တစ်ခါတုန်းက လယ်သမားတစ်ဦးဟာ ပျားဖွတ်ဖို့ မီးခိုးငွေ့တွေနှင့် ပျားတွေကို မောင်းထုတ်တယ်။ ပြီးတော့ ပျားသလက်က ပျားရည် အကုန် ဖွတ်ယူပြီး အိမ်ကို ယူလာခဲ့တယ်။

ကံဆိုးချင်တဲ့ လယ်သမားဟာ အိမ်အပြန်လမ်းမှာ ကျောက်ခဲတစ်လုံးကို ခလုတ်တိုက်မိလို့ အိုးထဲ ထည့်ယူလာတဲ့ ပျားရည်တွေ အကုန်မှောက်ကျပြီး အိုးပါ ကွဲသွားခဲ့တယ်။



လယ်သမား လက်ထဲက ကျသွားတဲ့ ပျားရည်တွေ အားလုံး မြေကြီးမှာ စေးကပ်ပြီး ကျန်နေခဲ့တာပေါ့။



mgyoe.com

mgyoe.com
မကြာခင်မှာပဲ ယင်ကောင်အုပ်က ပျားရည် ဖိတ်ထားတဲ့ မြေကြီးပေါ် ရောက်လာကြတယ်။ ပျားရည်ရဲ့ မွှေးပျံ့တဲ့ အနံ့ကြောင့် ယင်ကောင်အုပ်က ပိုပြီး ကြီးလာတယ်။

ပျားရည်က အသက်အန္တရာယ် ပေးနိုင်တဲ့အထိ ဖမ်းထားနိုင်တယ် ဆိုတာကို ယင်ကောင်တွေက မသိကြဘူး။

ယင်ကောင်တွေက ပျားရည် သောက်လို့ ဝတာနှင့် ထပျံမယ် အလုပ်မှာ ပျားရည်တွေက သူတို့ကို ပျံခွင့်မပေးတော့ပါဘူး။ ပျားရည်ရဲ့ စေးကပ်တဲ့ အစွမ်းသတ္တိတွေက ယင်ကောင်တွေ မပျံနိုင်အောင် ခြေထောက်တွေကို ဆွဲထားလိုက်တာပေါ့။

ယင်ကောင်တွေက ''ငါတို့လောက် မိုက်မဲတာ မရှိပါလား''

''တဒင်္ဂ သာယာမှုကို မက်မောလိုက်လို့ အခုတော့ အချိန်မတိုင်ဘဲနဲ့ သေဆုံးရတော့မယ်'' လို့ ပြောဆိုပြီး ငိုကြွေးကြတယ်။

ဒါကြောင့် လူမိုက်နောက်မှ အကြံရ မဖြစ်ရအောင် အချိန်မလွန်ခင် ကြိုတင်စဉ်းစား ပြင်ဆင်ဖို့ ဒီပုံပြင်လေးက သင်ခန်းစာ ပေးထားပါတယ်။


■


mgyoe.com

mgyoe.com

## သူတစ်ပါး အရှိန်အဝါနှင့် မဝင့်ကြွားသင့်

ရေခဲတောင်များကို ဖြတ်ပြီး တိုက်လာတဲ့ မြောက်လေဟာ အလွန့်အလွန် အေးလွန်းပါတယ်။ မြောက်လေတိုက်ပြီ ဆိုတာနှင့် နေပူထဲမှာ ရှိနေတဲ့ သူတွေတောင် တစ်ကိုယ်လုံး ချမ်းစိမ့်ပြီး တုန်သွားကြတယ်။ ဒီတော့ မြောက်လေဟာ သူ့ရဲ့ ခွန်အား အတုအယောင် အပေါ်မှာ ဂုဏ်ယူဝင့်ကြွားပြီး နေမင်းရဲ့ ခွန်အားကိုပါ စိန်ခေါ်ဖို့ ကြံစည်လာခဲ့တယ်။



တကယ်တော့ မြောက်လေရဲ့ အေးစိမ့်တဲ့ အစွမ်းတွေဟာ ရေခဲတောင်တွေရဲ့ ကျေးဇူးကြောင့်ပါ။ 'လေ' အနေနှင့် ပူတဲ့အရပ်၊ အေးတဲ့ အရပ်အပေါ် မူတည်ပြီး အစွမ်းအစတွေ ပြောင်းလဲနေတာပေါ့။

ဒါပေမဲ့ နေကနေ၊ လေကလေပါပဲ။



mgyoe.com

နေမင်းက လေရဲ့ စိန်ခေါ်မှုကို (အကြိမ်ကြိမ် တောင်းဆိုခံရလို့) နောက်ဆုံးမှာ သဘောတူလိုက်တယ်။ နေမင်းနှင့် လေတို့ရဲ့ အစွမ်းသတ္တိတွေကို လက်တွေ့ ခွဲခြားနိုင်ဖို့ ခရီးသွား တစ်ဦးကို အသုံးချကြတာပေါ့။ လေက စတင် ပြိုင်တာနှင့် ခရီးသွားရဲ့ အပေါ်ရုံအင်္ကျီ ကျွတ်ကျအောင်အထိ အားကုန်သုံးပြီး တိုက်ခတ်တယ်။ ဒါပေမဲ့ ခရီးသွားက အင်္ကျီကို သေချာရစ်ပတ် ချည်နှောင်ထားလို့ လေရဲ့ အစွမ်းသတ္တိက မအောင်မြင်ပါဘူး။ အခု နေမင်းရဲ့ အလှည့် ရောက်လာပါပြီ။ နေက အစပိုင်းမှာ ဖြည်းဖြည်းချင်း ပူပေးတယ် (အနွေးဓာတ် ရရုံပေါ့) ခရီးသွားက ပူလို့ အင်္ကျီကို ချွတ်လိုက်ပြီး ပခုံးပေါ် တင်လိုက်တယ်။ နေက နောက်တစ်ဆင့် ကျဲကျဲပူလာတော့ ခရီးသွားက အင်္ကျီကို လွှင့်ပစ်လိုက်တယ်။ တကယ်တော့ လေ ဘယ်လောက်ပဲ အေးအေး နေထွက်လာပြီ ဆိုရင်တော့ လေရဲ့ အအေးဓာတ်တွေ လွင့်ပြယ်သွားရစမြဲပါ။

ဒီပုံပြင်လေးက ကိုယ်ပိုင် အစွမ်းအစ မရှိဘဲ ဝင့်ကြွားဖို့ သတိပေးထားပါတယ်။

■



mgyoe.com

mgyoe.com

## ကြွားဝါလွန်းက အရှက်ရ

တစ်ခါတုန်းက ကုန်ရောင်းကုန်ဝယ် လုပ်သူ တစ်ဦး ရှိခဲ့တယ်။ သူဟာ စီးပွားရေး လုပ်ငန်းတွေအတွက် နိုင်ငံခြားကို မကြာခဏ သွားရောက် ဆက်သွယ်တတ်တယ်။ ကုန်သည်ဟာ အသက်ကြီးလာတော့ သူ့လုပ်ငန်းတွေကို ဆက်လက် လုပ်ကိုင်နိုင်ဖို့ သားဖြစ်သူကို လွှဲပေးလိုက်တယ်။ ကုန်သည်ကြီးရဲ့ သားဖြစ်သူက ငယ်ရွယ်ပြီး အကြွားသန်လွန်းတယ်။ လူငယ်ကုန်သည်ဟာ စီးပွားရေးကိစ္စနှင့် ပထမဆုံး နိုင်ငံခြားခရီးသွားတဲ့ အချိန်မှာ သူ့အတွက် အရာရာ အသစ်အဆန်းတွေ ဖြစ်နေတာကို တွေ့လိုက်ရတယ်။



အိမ်ကို ပြန်ရောက်တော့ သူ တွေ့မြင်ခဲ့တာတွေကို သူငယ်ချင်းတွေထံ ပြန်ပြောပြတယ်။ သူတွေ့ခဲ့ရတဲ့ အထူးအဆန်းတွေကို သူငယ်ချင်းတွေ အထင်ကြီးအောင် လိုတာထက် ပိုပြီး ကြွားဝါ ပြောဆိုလိုက်တယ်။



mgyoe.com

လူငယ်ကုန်သည်က ''ဒီမှာ သူငယ်ချင်းတို့၊ ငါ ပဲရစ်ကို ရောက်တုန်းက အမြင့်ခုန် ပြိုင်ပွဲမှာ ဝင်ပြီး ပြိုင်ခဲ့သေးတယ်''

''ဘယ်သူကမှ ငါ့ကို မယုံနိုင်ဘူး''

''ပဲရစ် တစ်မြို့လုံးကတောင် ငါ့ကို ဝိုင်းပြီး ချီးကျူးကြတယ်'' လို့ ကြွားဝါပြောဆိုလိုက်တယ်။

လူငယ်ကုန်သည်ရဲ့ ဘေးမှာ ဝိုင်းနေတဲ့ သူငယ်ချင်းတွေက နားထောင်ရင်းခေါင်းတညိတ်ညိတ်နှင့်ပေါ့။ ဒါပေမဲ့ အဲဒီ အထဲက တစ်ယောက်က ''ငါတို့ ပဲရစ်အထိမင်းကို လိုက်ကြည့်စရာ မလိုပါဘူး''

''မင်းရဲ့ အစွမ်းအစကို ဒီမှာ ပြကြည့်လေ'' လို့ ပြောလိုက်တော့ ကုန်သည်က ဘာမှပြန်မပြောနိုင်ဘဲ လက်မှိုင်ချသွားရတာပေါ့။ ဒါကြောင့် အဖြစ်မှန် မဟုတ်တာတွေကို ကြွားဝါ ပြောဆိုခြင်းဟာ အရှက်ကွဲရတတ်တယ် ဆိုတာ သင်ခန်းစာရတာပေါ့နော်။

■



mgyoe.com

mgyoe.com

## စည်းကမ်း သတ်မှတ်တာထက် နမူနာက ပိုကောင်းသည်

ပုစွန်လုံးတွေ မြေပြင်မှာ လမ်းလျှောက်တာကို တွေ့ဖူးပါသလား။ သူတို့တွေ လမ်းလျှောက်ရင် တစ်ဖက်ကို စောင်းနေတဲ့ အတိုင်း မြင်ရမှာပေါ့။ ပုစွန်လုံးတွေရဲ့ သဘာဝ အရ ရှေ့ကို တည့်တည့်မလျှောက်နိုင်တာကို အမှန်တရားအဖြစ် လက်ခံရပါမည်။



တစ်နေ့မှာ မိခင် ပုစွန်လုံးက မြစ်ကမ်းပါးမှာ ထိုင်နေပြီး သားငယ် ပုစွန်လုံးက တော့ အနီးအနားမှာ ဆော့ကစားနေတာပေါ့။ မိခင်ဖြစ်သူက သူ့သား လမ်းလျှောက်တာကို ကြည့်ပြီး စိတ်မသက်မသာ ဖြစ်နေရင်း ရုတ်တရက် တစ်စုံတစ်ရာကို သတိထားမိလိုက်တယ်။ အဲဒါကတော့ သူ့သားက တစ်စောင်းကြီး လမ်းလျှောက်နေလို့ပါ။ ထိုအခါ မိခင် ပုစွန်လုံးက သားဖြစ်သူ အနီး သွားပြီး …



mgyoe.com

"မင်း ဘေးတိုက် သွားမနေနဲ့၊ လမ်းကို တည့်တည့်လျှောက်စမ်း" လို့ သားဖြစ်သူကို သတိပေးလိုက်တယ်။

"ဟုတ်ကဲ့ပါ အမေ၊ သား ဘယ်လို လျှောက်ရမယ် ဆိုတာကို မသိလို့ အမေက အရင်ဆုံး လျှောက်ပြပေးပါ"

"အမေ လျှောက်တဲ့အတိုင်း သား လိုက်ပြီး လျှောက်ပါ့မယ်" လို့ သားငယ် ပုစွန်လုံးက ပြန်ပြောလိုက်တယ်။

ဒီတော့ မိခင် ပုစွန်လုံးက ရှေ့ကို တည့်တည့် လျှောက်နိုင်ဖို့ အကောင်းဆုံး ကြိုးစားပါတယ်။ ဒါပေမဲ့ မအောင်မြင်ခဲ့ပါဘူး။ မိခင်ဖြစ်သူက ကိုယ်တိုင် လျှောက်ကြည့်ပြီးမှ သားကို အပြစ်မတင်သင့်ဘူး ဆိုတာကို သဘောပေါက်သွားတယ်။

ဒီပုံပြင်လေးက စည်းကမ်းသတ်မှတ်သူ ကိုယ်တိုင်က ဖြောင့်မတ်မှုရှိမှသာ နောက်လိုက်တွေကလည်း ဖြောင့်မတ်မယ် ဆိုတာကို သင်ခန်းစာ ပေးထားပါတယ်။

■



mgyoe.com

mgyoe.com

## တိမ်မြုပ်နေသော ရတနာများ

တစ်ခါတုန်းက အလုပ် အလွန် ကြိုးစားတဲ့ လယ်သမားတစ်ဦး ရှိခဲ့တယ်။ လယ်သမားဆီမှာ နှစ်စဉ် ဝင်ငွေရအောင် အသီး အောင်မြင်တဲ့ စပျစ်ပင်တွေ များစွာ ရှိတယ်။



လယ်သမားရဲ့ ကံမကောင်းတဲ့ အချက်က သူ့မှာ ပေါ့ပေါ့နေ ပေါ့ပေါ့စားတဲ့ သားတွေ ရှိနေခြင်းပါပဲ။ သားဖြစ်သူတွေက ဖခင်ကို အလုပ် ဝိုင်းကူခြင်း မရှိပါဘူး။ ဖခင် လယ်သမားကြီးကတော့ သူ့သားတွေရဲ့ အနာဂတ်အတွက် တွေးပြီး စိတ်ပူနေရှာ



mgyoe.com

တယ်။ အသက်အရွယ် ကြီးရင့်လာတဲ့ လယ်သမားကြီးဟာ နာမကျန်းဖြစ်ပြီး အိပ်ရာထဲ
mgyoe.com
လဲပါလေရော။ ဒီတစ်ခါ သူ့သားတွေကို ခေါ်ပြီး ခုလို မေးလိုက်တယ်။

"ငါ့သားတို့ အဖေ နေရဖို့ အချိန်က သိပ်မရှိတော့ဘူး"

"ဒါကြောင့် မင်းတို့ကို နောက်ဆုံးအနေနဲ့ ပြောစရာ ရှိတယ်"

"အဖေသေပြီးတဲ့ နောက်မှာ စပျစ်ခြံထဲက ရတနာတွေကို တူးဖော်ပြီး မင်းတို့ ကြီးပွားအောင် လုပ်ကြ" လို့ ပြောပြီး မကြာမီမှာပဲ သေဆုံးသွားခဲ့တယ်။

အဖေဖြစ်သူရဲ့ မှာကြားချက်အတိုင်း သားတွေက စပျစ်ခြံထဲမှာ ရတနာတွေ ရှာဖို့ တူးဆွကြတာပေါ့။ မြေကြီးကို တူးလို့ ပိုပြီး နက်လာလေ ဘာရတနာမှ မတွေ့လေ ဖြစ်နေတော့ သားတွေက စဉ်းစားတယ်။

"အဖေ ပြောတဲ့ တိမ်မြုပ်နေတဲ့ ရတနာတွေ ဆိုတာ ဒီစပျစ်ခြံကို ကြိုးကြိုးစားစား လုပ်ကိုင်ရင် ကြီးပွားမယ်လို့" ပြောတာပဲ ဖြစ်မယ် ဆိုပြီး သဘောပေါက်သွားကြတယ်။ ဒါကြောင့် သားတွေက ရတနာသေတ္တာကို ဖွင့်ဖို့ အလုပ်ကြိုးစားခြင်းဆိုတဲ့ သော့ကို ပိုင်ဆိုင်နိုင်အောင် ကြိုးစားခဲ့တာပေါ့ကွယ်။

■




mgyoe.com

mgyoe.com

## ရာထူး အဆင့်အတန်းမြင့်လေ ပညာဉာဏ် ရှိဖို့ လိုအပ်လေ

တစ်နေ့မှာ တောတွင်းတိရစ္ဆာန်တွေ အားလုံး စုရုံးပြီး သူတို့ရဲ့ ဘုရင် ရွေးချယ် တင်မြှောက်ဖို့ စီစဉ်ကြတယ်။ တိရစ္ဆာန်အားလုံးက မျောက်ကို ဘုရင်အဖြစ် တင်မြှောက် ဖို့ အဆိုပြုပြီး မဲပေးကြတယ်။ ဒီလိုနှင့် မျောက်က ဘုရင် ဖြစ်သွားတာပေါ့။



ဒါကို မြေခွေးက မနာလိုမရှုစိတ်ဖြစ်ပြီး မျောက်ကို တစ်နည်းနည်းနှင့် အရှက်ကွဲ အောင် လုပ်ဖို့ မနာလိုစိတ်နှင့် ကြံစည်ပါတော့တယ်။ တစ်နေ့မှာ မြေခွေးက အစာရှာထွက် လာရင်း မုဆိုးတစ်ယောက် ထောင်ထားတဲ့ ကျော့ကွင်းကို တွေ့လိုက်ရတယ်။ ကျော့ကွင်း မှာ ငါးမြားချိတ်မှာ အစာချိတ်သလိုမျိုး အသားစလေး ချိတ်ပြီး ထောင်ထားတာကို မြေခွေးက သိတယ်။ ပါးနပ်တဲ့ မြေခွေးက ထောင်ချောက် (ကျော့ကွင်း) ကနေ လွတ်



mgyoe.com

အောင် ရှောင်ကွင်းနိုင်ပေမဲ့ မျောက်အတွက် မလွတ်နိုင်ဘူး ဆိုတာကို မြေခွေးက ကောင်းကောင်း သိနေတယ်။

ဒီတော့ အကြံသမား မြေခွေးက ရှင်ဘုရင်ဖြစ်သူ မျောက်ထံ သွားပြီး 'ထူးဆန်းတာ ပြမယ်' လို့ ပြောပြတော့ မျောက်ကလည်း ကြည့်ချင်တဲ့ဇောနှင့် မြေခွေးနှင့် အတူ လိုက်ကြည့်ခဲ့တယ်။

"ဒီမှာ နူးညံ့တဲ့ အသားစလေးပါ ဘုရင်ကြီး"

"ဒါဟာ သင်နဲ့ ထိုက်တန်တဲ့ အရာပါ"

"ကျွန်တော်မျိုး လက်နဲ့တောင် မထိခဲ့ပါဘူး"

"သင်ကိုယ်တိုင် ယူ၍ သုံးဆောင်တော်မူပါ" လို့ မြေခွေးက လျှောက်တင်တော့ မျောက်က ယုံစားပြီး အသားရှိရာ လက်ဆန့်လိုက်တာနှင့် ထောင်ချောက်မှာ မိသွားပါတော့တယ်။ ထိုအခါ မြေခွေးက အားရပါးရ ရယ်ပြီး ...

"ဘုရင် လုပ်မယ့်လူက ပညာ အများကြီးရှိဖို့ လိုတယ်ကွ" ဟု ပြောလိုက်ပါတယ်။

■



mgyoe.com

mgyoe.com

## အယုံလွယ်က အသက်ပါ

ခြင်္သေ့ကြီး တစ်ကောင်ဟာ အသက်အရွယ် အိုမင်းလာလို့ သားကောင်တောင် ကောင်းကောင်း မရှာနိုင်တော့ပါဘူး။ ဒါကြောင့် သူ့ကိုယ်သူ စဉ်းစားတယ်။

"ဒီအတိုင်းဆို သားကောင် မရှာနိုင်လို့ ငါ ငတ်သေရလိမ့်မယ်၊ ဒီတော့ တစ်ခုခု တော့ ကြံစည်ရလိမ့်မယ်" လို့ တွေးမိတယ်။



ခြင်္သေ့ကြီးက စဉ်းစားရင်း စဉ်းစားရင်းနှင့် နောက်ဆုံးမှာ အကောင်းဆုံး အကြံဉာဏ် တစ်ခု ရလာတယ်။

ခြင်္သေ့ဟာ ဂူထဲကနေ မထွက်တော့ဘဲ နေမကောင်းချင်ယောင်ဆောင်နေလိုက် တယ်။ သူ့ဆီကို နေမကောင်းလို့ သတင်းလာမေးတဲ့ တိရစ္ဆာန်လေးတွေကို ဖမ်းစားပစ်



mgyoe.com

မယ်ပေါ့။ ဒီလိုနှင့် သူ့ဆီ စေတနာနှင့် သတင်း လာမေးသူတွေလည်း တဖြည်းဖြည်း စားလို့ ကုန်သွားပါသတဲ့။ ဒါပေမဲ့ စိတ်ဓာတ်ဆိုးယုတ်တဲ့ သူတွေရဲ့ သက်တမ်းက တိုတိုလေးပါလား ဆိုတာ သူက သဘောမပေါက်ဘူး။

တစ်နေ့မှာ မြေခွေးတစ်ကောင်က ခြင်္သေ့ကြီးဆီကို အလည် ရောက်လာတယ်။ ကောက်ကျစ် ယုတ်မာတဲ့ဘက်မှာ ခြင်္သေ့ထက် သာတဲ့ မြေခွေးက ဂူဝမှာ ရပ်ပြီး ဟိုဒီ လှမ်းကြည့်လိုက်တယ်။ ဆင္ဒမအာရုံကောင်းတဲ့ မြေခွေးက မကြာမီမှာဘဲ အခြေအနေ မှန်ကို နားလည်သွားတယ်။ ဒီတော့ ဂူထဲက ခြင်္သေ့ကြီး ထွက်လာအောင် ခုလို အပြင် ကနေ အော်ပြောလိုက်တယ်။

"ဘယ်လိုလဲ နေကောင်းလား ခြင်္သေ့ကြီး"

"မကောင်းပါဘူးဗျာ" လို့ ခြင်္သေ့အိုကြီးက ပြန်ဖြေတယ်။

"ခင်ဗျား ဘာလို့ အထဲကို မဝင်တာလဲ" လို့ ခြင်္သေ့က မေးတော့...

"ကျွန်တော် ဝင်တော့ ဝင်ချင်ပါတယ်၊ ဒါပေမဲ့ ခင်ဗျား ဂူထဲမှာ ခြေရာတွေ မတွေ့ရဘူး ဆိုရင်ပေါ့" လို့ မြေခွေးက ပြန်ပြောလိုက်တယ်။

ထို့နောက် မြေခွေးက တခြား တိရစ္ဆာန်တွေကို အသိပေးဖို့ ထွက်သွားခဲ့တယ်။

■



mgyoe.com

mgyoe.com

## ဘဝချင်း မညီမျှ ဝမ်းနည်းရ

တောကြီးမြက်မည်း တစ်ခုရဲ့ ရေအိုင်တစ်ခု အနားမှာ ကြွက်တစ်ကောင် နေထိုင်တဲ့ တွင်းတစ်တွင်း ရှိတယ်။ ဖားပြုတ်တစ်ကောင်ကလည်း နေဆာလှုံဖို့ မကြာခဏ ထွက်လာတတ်တယ်။



ဒီလိုနှင့် ကြွက်နှင့် ဖားတို့က နေထိုင်ကျက်စားကြတဲ့ သဘာဝတွေ မတူညီတော့ ဘယ်လောက်ပဲ ခင်မင်ကြပေမဲ့ တစ်နေ့နေ့တော့ ဝမ်းနည်းကြေကွဲမှုနှင့် ခွဲခွာရမယ် ဆိုတာကို ကြိုပြီး သိကြမှာ မဟုတ်ပါဘူး။ ဖားရဲ့ အိမ်က ရေထဲမှာ ဖြစ်ပြီး ကြွက်ကတော့ မြေကြီးတွင်းထဲမှာ သဘာဝအတိုင်း နေထိုင်ကြတာပေါ့။

တစ်နေ့မှာ ဖားက ကြွက်ကို ပြောတယ်။



mgyoe.com

''တို့တွေ ဘယ်တော့မှ မကွဲရအောင် အတူတူ ကြိုးချည်ပြီး နေကြရအောင်''

mgyoe.com

ဒီအခါမှာ ကြွက်က ''တကယ်ကောင်းတဲ့ စိတ်ကူးပဲ'' လို့ ထောက်ခံပြီး သူတို့နှစ်ဦးစလုံးရဲ့ ခြေထောက်တစ်ချောင်းစီကို ကြိုးနှင့် ချည်ထားလိုက်ကြတယ်။ ကုန်းပေါ်မှာ နေတုန်းကတော့ နှစ်ဦးစလုံးအတွက် အဆင်ပြေနေကြပေမဲ့ ဖားက သူ့ သဘာဝအတိုင်း ရေထဲလည်း ခုန်ဆင်းရော ကြွက်က ဒုက္ခရောက်တော့တာပေါ့။ ဖားက ကြွက်ကို တွဲခေါ်ရင်းနှင့် ရေထဲမှာ ပျော်ရွှင်စွာ ကူးခတ်နေတုန်း ကြွက်က ရေနစ်သေသွားလို့ ရေပြင်ပေါ်မှာ သူ့ခန္ဓာကိုယ်က ပေါလော မျောနေပါပြီ။

ပေါလောမျောနေတဲ့ ကြွက်သေကို ကောင်းကင်မှာ ပျံနေတဲ့ စွန်က တွေ့တော့ ချက်ချင်း ဆင်းလာပြီး နှုတ်သီးနှင့် ထိုးသုတ်သွားပါရော။ ဖားကလည်း ကြွက်နှင့် ခြေထောက်ချင်း ကြိုးဆက်ထားလို့ ကြွက်သေနှင့် အတူ စွန်ရဲ့ အစာ ဖြစ်သွားပါသတဲ့ကွယ်။ ဒါကြောင့် ဘဝ အခြေအနေချင်း မတူညီရင် နောက်ဆုံးမှာ အလွမ်းနှင့် ဇာတ်သိမ်းရတတ်တာကို သတိထားပါ။

■



mgyoe.com

mgyoe.com

## လာမယ့်ဘေး ပြေးတွေ့
## (အန္တရာယ်ဟူသမျှ ရဲဝံ့စွာ ရင်ဆိုင်ပါ)

ရှေးရှေးတုန်းက ဆယ်ကျော်သက်ရွယ် လူငယ်လေးတစ်ဦး ဘယ်ရီသီးပင် အနား မှာ ဆော့ကစားလို့နေသတဲ့။ ဘယ်ရီသီးတွေကလည်း မှည့်ပြီး အရည်ရွှမ်းနေတာပဲတဲ့။ လူငယ်လေးဟာ ဘယ်ရီသီးတွေကို စားချင်လွန်းလို့ သွားရည်တောင် ကျလာပါတယ်။



ဒီတော့ လူငယ်လေးက ဘယ်ရီသီးတွေကို စပြီး ကောက်တော့တာပေါ့။ သူဟာ အားတဲ့ အချိန်တိုင်း ခုလို ဘယ်ရီသီး ကောက်ရတာကို သဘောကျတယ်။ လူငယ်လေးဟာ အမှတ်တမဲ့ ဖက်ယားပင်ကို သွားထိမိလို့ စူးခနဲ ဖြစ်သွားတယ်။ မကြာခင်မှာပဲ သူ့လက် မှာ ယားနာဖုတွေ ထွက်လာတော့တာပေါ့။



mgyoe.com

လူငယ်လေးဟာ ကောက်ပြီး စုထားတဲ့ ဘယ်ရီသီးတွေကို ထားခဲ့ပြီး အိမ်ကို ပြေးသွားတယ်။ အိမ်ရောက်တော့ သူ့အမေကို မျက်ရည်စက်လက်နှင့် ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်တယ်။

"အမေ သားက ဖက်ယားကို အသာလေးပဲ ထိလိုက်တာ သူက သားကို ယားဖုတွေ ထွက်တဲ့အထိ စူးခနဲ ဖြစ်အောင် ပြန်လုပ်တယ်" ဟု ရှိုက်ကြီးတငင် ပြောပြရှာတယ်။ အမေဖြစ်သူက သားကို ချော့မော့ပြီး-

"သားက ဖြည်းဖြည်းလေး ထိလိုက်လို့ သူက သားကို စူးခနဲဖြစ်အောင် လုပ်တာ သားရဲ့"

"တကယ်လို့ သားက သူ့ကို မြဲမြဲမြံမြံ ကိုင်လိုက်ရင် သူက သားကို ဘာမှ မလုပ်နိုင်တော့ဘူးကွယ့်"

"ဘယ်အန္တရာယ်ကိုမှ ရင်မဆိုင်ဘဲနဲ့တော့ ဘာမှ အောင်မြင်မှာ မဟုတ်ဘူး"

"နှင်းဆီပန်းတိုင်းက ကာကွယ်ဖို့ ဆူးတွေ ကိုယ်စီ ရှိစမြဲပေါ့ သားရယ်၊ ဒီတော့ ဘယ်ရီသီးကို စားချင်ရင် ဖက်ယားပင်ကိုလည်း ရဲရဲဝံ့ဝံ့ ဆုပ်ကိုင်ရဲရမယ် ဆိုတာ ဒီပုံပြင်လေးက သင်ခန်းစာပေးတာပေါ့ကွယ်"

■



mgyoe.com

mgyoe.com

## မှန်သော စကား ဆိုပေမဲ့ နားဝင်ချိုအောင် ပြောကြပါ

ဂျူပီတာ နတ်သားက လက်ထပ်မင်္ဂလာပွဲ ကျင်းပတော့မှာမို့ တိရစ္ဆာန်အားလုံးကို ဖိတ်ကျွေးမယ့် ညည့်ခံပွဲ လုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။ တိရစ္ဆာန်တွေကို ဖိတ်ကြားရာမှာ ရေနေရော ကုန်းနေသတ္တဝါတွေပါ ဖိတ်ကြားသတဲ့။

ဂျူပီတာရဲ့ မင်္ဂလာ အခမ်းအနားကို တိရစ္ဆာန် အားလုံး တက်ရောက်ကြပေမဲ့ လိပ်ကတော့ ရောက်မလာခဲ့ပါဘူး။ လိပ်ရဲ့ ပျက်ကွက်မှုကို ဂျူပီတာက အံ့သြသွားတယ်။ ရက်အနည်းငယ် ကြာတဲ့နောက် ဂျူပီတာက လိပ်ဆီ သွားရောက်ခဲ့တယ်။



ဂျူပီတာက "ငါ့ရဲ့ မင်္ဂလာပွဲကို မင်း ဘာကြောင့် မလာတာလဲ၊ နေမကောင်းလို့လား" လို့ မေးလိုက်တယ်။



mgyoe.com

“ကျွန်မတို့လို တိရစ္ဆာန် မျိုးရိုးက အိမ်မှာပဲ နေရပြီး ဘယ်အခမ်းအနားမှ မတက်ရောက်နိုင်လို့ပါ”

“ကျွန်မတို့က အိမ်မှာပဲ ပျော်တော့ အိမ်နဲ့ မတူတဲ့ နေရာတွေကို ဂရုမစိုက်ဘူး” လို့ လိပ်က ချေပ ပြောဆိုလိုက်တယ်။ တကယ်တော့ လိပ်ပြောတဲ့ စကားတွေက မှန်ပါတယ်။ ဒါပေမဲ့ တစ်ဖက်သားကို နားဝင်ဆိုးအောင် ပြောလွန်းလို့ ဂျူပီတာက စိတ်ဆိုးပြီး ကျိန်စာတိုက်လိုက်တယ်။

“မင်းရဲ့ ကျောကုန်းပေါ်မှာ မင်းအိမ်ကို ဘယ်သွားသွား တင်သွားနိုင်ပါစေ”

“ကျောပေါ်က အိမ်ကိုလည်း ဘယ်တော့မှ ချလို့ မရပါစေနဲ့” လို့ ဂျူပီတာက ကျိန်စာတိုက်လိုက်တော့ ယနေ့အထိ လိပ်တွေရဲ့ ကျောကုန်းပေါ်မှာ သူတို့ရဲ့ အိမ်ကလေးတွေ ပါနေတာကို တွေ့ရတာပေါ့။ ဒါကြောင့် အမှန်စကား ပြောပေမဲ့ နားဝင်ဆိုးအောင် ပြောရင် ဒုက္ခရောက်တတ်တယ် ဆိုတာကို သတိပြုကြပါ။

■



mgyoe.com

mgyoe.com

## အကျိုးလိုလို့

တစ်ခါတုန်းက အသီးအနှံပင်တွေ များစွာ ပါရှိတဲ့ ဥယျာဉ်ကြီးတစ်ခုကို ပိုင်တဲ့ လယ်သမားတစ်ယောက် ရှိတယ်။ ဒါပေမဲ့ အသီးပင်တွေ များစွာရှိတဲ့ထဲက ပန်းသီးပင်ကတော့ ထပ်ပြီး အသီး မသီးတော့ပါဘူး။ ပန်းသီးပင်ဟာ အသီး မသီးတော့ပေမဲ့ ငှက်တွေ ကောင်းစွာ နားခိုဖို့ အထောက်အကူ ပြုနေပါတယ်။ လယ်သမားဟာ အသီး မသီးတော့တဲ့ ပန်းသီးပင်ကို ခုတ်လှဲဖို့ ပုဆိန်ကိုင်ပြီး ထွက်ခဲ့တယ်။



လယ်သမားဟာ ပန်းသီးပင်ကို ခုတ်ဖို့ ပုဆိန်ကို ရွယ်လိုက်တာနှင့် အဲဒီ အပင်မှာ နေတဲ့ ငှက်တွေက ပိုင်ရှင်လယ်သမားကို ထွက်ပြီး တောင်းပန်ကြတယ်။

"ဒီအပင်ကို ချမ်းသာပေးပါ ခင်ဗျာ၊ ဒီအပင်ကို ခုတ်လိုက်ရင် ကျွန်တော်တို့ တခြားနေရာကို ရွှေ့သွားရပါလိမ့်မယ်"



mgyoe.com

mg လယ်သမားဟာ ငှက်တွေ တောင်းပန်တာကို မကြားဟန် ပြုပြီး ပုဆိန်နှင့် သစ်ပင်ကို စခုတ်ပါတယ်။ ပုဆိန်ချက် သုံးလေးချက် အရောက်မှာ လယ်သမားက သစ်ပင် ပင်စည်ခေါင်းပေါက် အတွင်းမှာရှိတဲ့ ပျားအုံကြီးကို သွားတွေ့ပြီး အလွန် သဘောကျသွားတယ်။ လက်ထဲမှာ ကိုင်ထားတဲ့ ပုဆိန်ကို လွှတ်ချပြီး လယ်သမားက ခုလို စဉ်းစားတယ်။

“ဒီအပင်ကို လုံးဝ ခုတ်လို့ မဖြစ်ဘူး”

“အမှန်တကယ် ဆက်ပြီး ထားရမယ်”

တကယ်တော့ လယ်သမားဟာ သစ်ပင်ကို ငှက်တွေ နားခိုဖို့ မခုတ်တော့တာ မဟုတ်ပါဘူး။ သစ်ခေါင်းအတွင်းက ပျားအုံကို မက်မောသွားလို့ပါ။ ဒီပုံပြင်လေးက လူအများစုဟာ စိတ်စေတနာ သန့်သန့်နှင့် ကူညီတာ မဟုတ်ဘဲ ၄င်းတို့ အကျိုးအမြတ် ရရှိရေး မျှော်လင့်ချက်သက်သက်ကြောင့် ကူညီတတ်တယ် ဆိုတာကို သင်ခန်းစာ ပေးတာ ပေါ့ကွယ်။




mgyoe.com

mgyoe.com

## မတော်လောဘ ဒုက္ခရ

တောစပ်တစ်ခု အနီးအနားမှာ စားကျက်တစ်ခု ရှိခဲ့တယ်။ တောစပ်ရဲ့ အနီးအနား ရွာတွေက သိုးကျောင်းသားတွေက အဲဒီ စားကျက်ကို သိုးအုပ်တွေ ခေါ်လာပြီး ကျောင်း လေ့ ရှိသတဲ့။



သိုးတွေ အစာ စားနေချိန်မှာ သိုးကျောင်းသားတွေက ဆော့ကစားရင်းနှင့် အချိန် ဖြုန်းနေကြတာပေါ့။ စားကျက်ရဲ့ အဆုံးသတ်နေရာမှာတော့ သစ်ပင်အိုကြီးတစ်ပင် ရှိသတဲ့။ အဲဒီ သစ်ပင်ကြီးမှာ အပေါက်ကြီး တစ်ခု ရှိတယ်။ ဒါပေမဲ့ အထဲကို ဝင်ဖို့ တော်တော် ကျဉ်းမြောင်းတယ်တဲ့။ သိုးကျောင်းသားတွေက သူတို့ရဲ့ အစားစာတွေကို အဲဒီ သစ်ပင် အခေါင်းထဲမှာ ထားတတ်ကြတယ်။ မွန်းလွဲချိန် ရောက်မှ အဲဒီထဲက အစားအစာတွေ ထုတ်စားတတ်ကြတယ်။



mgyoe.com

တစ်နေ့မှာ ဆာလောင်နေတဲ့ မြေခွေး တစ်ကောက်ဟာ သိုးကျောင်းသားတွေ အစားစာ ထားတဲ့ သစ်ပင်ခေါင်းအနီးကို ရောက်လာခဲ့တယ်။ အစားစာတွေရဲ့ အနံ့ရတော့ မြေခွေးက ကျဉ်းမြောင်းတဲ့ သစ်ခေါင်းပေါက်ထဲ အတင်း တိုးဝင်ပြီး ရှာဖွေတာပေါ့။ မြေခွေးက အစားစာတွေ တွေ့တာနှင့် အားလုံး ကုန်အောင် စားပစ်လိုက်တယ်။

မြေခွေးက ဗိုက်ဆာဆာနှင့် စားလိုက်တာ သူ့ဝမ်းဗိုက် ဘေးနှစ်ဖက်က ပူထွက်လာတာပေါ့။ မြေခွေးဟာ ဆာလောင်နေတဲ့ အချိန်မှာ ဗိုက်က ပိန်ချိုင့်နေလို့ သစ်ခေါင်းထဲ ဝင်နိုင်ခဲ့ပေမဲ့ အခု အစာ စားပြီး ဗိုက်ပူလာတော့ ဘယ်လိုမှ ပြန်မထွက်နိုင်တော့ဘူးပေါ့။ မကြာခင်မှာပဲ သိုးကျောင်းသားတွေက သူတို့ရဲ့ အစားစာတွေ ယူဖို့ သစ်ပင်ဆီလာခဲ့တာပေါ့။ အဲဒီမှာ မြေခွေးကိုလည်း တွေ့ရော ဝိုင်းပြီး ရိုက်နှက်လိုက်ကြတာပေါ့။ ဒါကြောင့် ဘယ်အရာကိုမှ လိုအပ်တာထက် ပိုပြီး မယူဖို့ ဒီပုံပြင်လေးက သင်ခန်းစာပေးတာပေါ့ကွယ်။

■



mgyoe.com

mgyoe.com

## ကြောင်သူတော်များကို သတိထား

တစ်ရံရောအခါက မြေခွေး တစ်ကောင်ဟာ တောထဲမှာ အစာရှာထွက်လာရင်း ကံမကောင်းစွာနှင့် ထောင်ချောက်မှာ မိသွားခဲ့တယ်။ မြေခွေးဟာ ထောင်ချောက်က လွတ်မြောက်ဖို့ အကောင်းဆုံး ကြိုးစားရှာတယ်။ နောက်ဆုံးမှာ အားကုန် ရုန်းကန်ရင်းနှင့် လွတ်မြောက်သွားပေမဲ့ အမြီးကတော့ ဆုံးရှုံးသွားတယ်တဲ့။ သူ့အမြီးတိုလေးကို ကြည့်ပြီး ကျန်တဲ့ မြေခွေးတွေက ဝိုင်းရယ်ကြမယ် ဆိုတာ သူ သိတယ်။ မြေခွေးက တွေးပြီး ဝမ်းနည်းတာနှင့် ကိုယ့်ကိုယ်ကိုယ် သတ်သေချင်စိတ်တောင် ဖြစ်မိတယ်တဲ့။ ဒါပေမဲ့ သတ်သေရမှာကို သူရဲဘောကြောင်ပြီး တစ်ခုခု လုပ်ဖို့ စဉ်းစားလိုက်တယ်။



နောက်ဆုံးမှာ မြီးတို မြေခွေးဟာ တခြား မြေခွေးတွေ အားလုံးကို ဖိတ်ခေါ်ပြီး အစည်းအဝေး လုပ်တယ်တဲ့။

mgyoe.com